# မြန်မာနိုင်ငံ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း (FOA) ဆိုင်ရာလမ်းညွှန်

ACT အဖွဲ့ဝင် ကုန်အမှတ်တံဆိပ်များများအတွက် ကုန်ပစ္စည်းများထုတ်လုပ်နေသော အထည်ချုပ်၊ အထည်အလိပ်၊ ခြေဝတ်ပစ္စည်းနှင့် သားရေလုပ်လုပ်ငန်းကဏ္ဍရှိ မြန်မာနိုင်ငံသားပိုင်နှင့် နိုင်ငံ ခြားသားပိုင်စက်ရုံများပါဝင်သော အလုပ်ရှင်များလုပ်ငန်းအဖွဲ့နှင့်၊ မြန်မာနိုင်ငံလုပ်ဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) နှင့် အထည်ချုပ်နှင့် အထည်အလိပ်အလုပ်သမားများနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂဖြစ်သည့် IndustriALL တို့၏ အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံစက်မှုလုပ်ငန်းအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM) တို့ကို ကိုယ်စားပြုသော အောက်ပါ လက်မှတ်ရေးထိုးသူများသည် မြန်မာနိုင်ငံ၏ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ဤလမ်းညွှန်ချက်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ - အောက်တိုဘာလ အတွင်းရေးဆွဲဖော်ဆောင်ကာ သဘော တူညီခဲ့ကြပြီဖြစ်ကြောင်း အတည်ပြုပါသည်။ ယင်းလမ်းညွှန်ချက်အားအတည်ပြုခြင်းသည် အထည်ချုပ် လုပ်ငန်းတွင် တည်ငြိမ်ပြီးအခြေအနေများကိုကြိုတင်ခန့်မှန်းနိုင်သော လုပ်ငန်းခွင်ဆက်ဆံရေးများဖြစ်ပေါ် စေရန်နှင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍၊ အိုင်အယ်(လ်)အို၏ မူသဘောတရားများနှင့် စံချိန်စံညွှန်းများကို သဘော ပေါက်နားလည်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် မျှော်မှန်းပါသည်။

လုပ်ငန်းစဉ်တစ်လျှောက်တွင် နောက်ထပ်ဆောင်ရွက်ရမည့် အောက်ပါအဆင့်များပါဝင်သည်ကို သဘောတူပါသည်။ -

က) ACT အဖွဲ့ဝင် ကုန်အမှတ်တံဆိပ်များထံ ကုန်ပစ္စည်းထုတ်လုပ်တင်ပို့သည့်စက်ရုံများအတွက် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း (FOA)လမ်းညွှန်ဆိုင်ရာ သတင်းအချက်အလက်ဝေမျှသည့် အစည်းအဝေးတစ်ခု ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလကုန် နောက်ဆုံးထား၍ ကျင်းပဖော်ဆောင်ပေးရန် ACTအဖွဲ့က တောင်းဆိုမှု။

ခ) လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း (FOA)လမ်းညွှန်အား ACT ဝက်ဘ်ဆိုဒ်တွင် သက်ဆိုင်ရာ ဘာသာစကားများဖြင့် အများသိအောင် ဖြန့်ချိပေးရန် ACTအဖွဲ့အား တောင်းဆိုမှု။

ဂ) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာလမ်းညွှန် (FOA) တွင်ပါဝင်သည့်အကြောင်းအရာများကို စက်ရုံအဆင့်ရှိ အလုပ်သမားများ၊ လုပ်ငန်းအုပ်ချုပ်စီမံရေးပိုင်းမှတာဝန်ရှိသူများနှင့် အခြားသက်ဆိုင်ရာ ဆောင် ရွက်သူများထံ ဖြန့်ဝေပေးပို့လျက် ယင်းအကြောင်းအရာများနှင့်ပတ်သက်ပြီး၊ ရှင်းလင်းဖော်ပြပေးရန်

ဃ) လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ (FOA)လမ်းညွှန်အား အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး နှစ်စဉ်ပြန်လည်သုံးသပ်ရန်

င) ယင်းလမ်းညွှန်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ၂၀၂၀ ခုနှစ် မတ်လ (၃၁) ရက်မတိုင်ခင် ရေးဆွဲဖော်ထုတ်ရန်။ ရေးဆွဲပြီးသည်နှင့်တစ်ပြိုင်နက် ယင်း အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း (FOA)လမ်းညွှန်တွင် အဓိကကျသည့်အပိုင်း ဖြစ်လာမည်။

စ) ညှိနှိုင်းဆွေးနွေးမှုများအား ၂၀၂၀ခုနှစ် ဒီဇင်ဘာလနောက်ဆုံးထား၍ အဆုံးသတ်လိုသည့် ရည်ရွယ်ချက်ဖြင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ ယန္တရားနှင့် ညှိနှိုင်းဆွေးနွေးသည့်လုပ်ငန်းစဉ်တို့အား လမ်းညွှန်၏နောက်ဆုံးအပိုင်း အနေဖြင့် ၂၀၂၀ ခုနှစ် ဖွန်လတွင် စတင်ရေးဆွဲရန်။

| | |
|---|---|
| **မြန်မာနိုင်ငံစက်မှုလုပ်ငန်းအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (IWFM) ကိုယ်စား** | **အလုပ်ရှင်များ၏ လုပ်ငန်းအဖွဲ့ (EWG) ကိုယ်စား** |
| နိုင်ဇာအောင် | Paul Zhu (Onetex/Textile Palace) |
| သဥ္ဇာထက် | Gary Lee (Kei Lock Fashion/Jiale Fashion) |
| အိအိလှိုင် | Ricky Li (Bright Sunshine International/Myanmar York Fashion) |
| ဝင်းသိင်္ဂီ စိုး (စိုးလေး) | မြရူပါ (Musung Garment) |
| ရဲသူရအောင် | Wang Rujun (Suzhou Silk) |

**အသိသက်သေများ**

Frank Hoffer, ACT

Catherine Vaillancourt-Laflamme ILO

ရန်ကုန်၊ အောက်တိုဘာ (၂၇)၊ ၂၀၁၉ ခုနှစ်